[illegible]
**Karenni Civil Society Network**


P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

ဩဂုတ်လ ၂၈ ရက်၊ ၂၀၂၄ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊ ဇူလိုင် ၂၈ ရက် – ဩဂုတ် ၂၅ ရက်နေ့ထိ၊၂၀၂၄ ခုနှစ် ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – ဇူလိုင်လ ၂၈ ရက်၊ ၂၀၂၄ | ဇူလိုင် ၂၉ – ဩဂုတ် ၂၅ ရက်၊ ၂၀၂၄ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၅၄၃ | ၂ | ၅၄၅ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၇၄ | | ၃၇၄ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၆၃၃ | | ၆၃၃ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၄၅ | ၂၁ | ၁၅၆၆ |
| | ဒီးမော့ဆိုမြို့နယ် | ၆၄၅ | | ၆၄၅ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၅၀၅ | | ၅၀၅ |
| | ဖရူဆိုမြို့နယ် | ၁၅၁ | | ၁၅၁ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၃၈ | | ၁၃၈ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| စဉ် | မြို့နယ် | ခန့်မှန်းဦးရေ ဇူလိုင်လ ၂၈ ရက်နေ့ အထိ ၂၀၂၄ | IDPs အသစ် ဇူလိုင်လ ၂၉-ဩဂုတ် ၂၅ ရက်၊ ၂၀၂၄ ခုနှစ် | စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ |
| ၁ | လွိုင်ကော် | ၉၂၃၁၁ | | ၉၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | စုစုပေါင်း | ၂၈၂၆၁၅ | | ၂၈၂၆၁၅ |



စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဇူလိုင်လ၂၈မှ ဩဂုတ်လ၂၅ရက်နေ့ထိ၊၂၀၂၄ ခုနှစ်
N
W
E
S
ရှမ်းပြည်နယ်
ရှမ်းပြည်နယ်
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ရှားတော
ဒီးမော့ဆို
ဖရူဆို
မြန်မာနိုင်ငံ
ကရင်နီပြည်နယ်
ဘောလခဲ
ရွာသစ်
ဖါးဆောင်း
မော်ချီး
မယ်စဲ့
ကရင်ပြည်နယ်
ထိုင်းနိုင်ငံ
ဘီပီ - ၉
# ၁
ဘီပီ - ၁၀
ဘီပီ - ၁၁
# ၂
ဘီပီ - ၁၂
ဘီပီ - ၁၃
ဘီပီ - ၁၄
ဘီပီ - ၁၅
ဘီပီ - ၁၆
အညွှန်း
မြို့နယ်
လက်နက်ကြီးဖြစ် ပစ်ခပ်မှု
တရားလက်လွတ်သတ်ဖြတ်ခြင်း
KA + KNDF + KNPLF + LPDF နှင့် စကစ တိုက်ပွဲနေရာများ
သိမ်းပိုက်ခြင်းခံ (သို့) ဆုတ်ခွါသွားသောတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများနှင့် စစ်တပ်အခြေပြုနေရာများ
ကရင်နီဒုက္ခသည် စခန်း (၁),(၂)
ဘီပီ -၉ မှ ၁၆
လမ်း
မြစ်၊ ချောင်း
ပြည်နယ် နယ်နိမိတ်
0 5 10 20 Kilometers

စကစ ဘောလခဲတွင် ဗျူဟာမြောက် စခန်းဆုံးရှုံးလိုက်ရ၊ လွိုင်ကော်တွင် တပ်အင်အား ထပ်မံဖြည့်တင်း

ဩဂုတ်လ ၈ ရက်နေ့တွင် ခုခံတော်လှန်ရေးတပ်ဖွဲ့မှ စစ်ကောင်စီ၏ ပွန်ချောင်းအရှေ့ဘက်ခြမ်း ရေကျော် တပ်စခန်းအား သိမ်းပိုက်လိုက်ပြီး သံလွင်မြစ်နှင့် ပွန်ချောင်းသွားသော ဘောလခဲ-ရွာသစ်လမ်းအား ထိန်းချုပ်ထားနိုင်ခဲ့သည်။ လွိုင်ကော်မြို့တွင် ခုခံတော်လှန်ရေးတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ်တို့အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး ဩဂုတ်လ တတိယပတ်အတွင်း စစ်ကောင်စီသည် ဆီဆိုင်မြို့နယ်မှ လွိုင်ကော်လမ်းကြောင်း အသုံးပြုပြီး အရပ်သားကားအချို့ဖြင့်လည်းကောင်း စစ်အင်အားများ ဖြည့်တင်းလာခဲ့သည်။ PNO သည် လွိုင်ကော်မြို့တိုက်ပွဲအတွင်း စစ်ကောင်စီတပ်များနှင့်အတူ တိုက်ပွဲများတွင် ပါဝင်တိုက်ခိုက်ခဲ့သည့်အပြင် ပင်လောင်းမှ လွိုင်ကော်သို့လာသော ကုန်တင်ကားများအား တင်းကြပ်မှုများလုပ်ဆောင်လာကာ ကုန်သည်များ အခက်ကြုံနေကြရသည်။

ဩဂုတ်လ ၅ ရက်၊ စစ်ကောင်စီတပ်များသည် လေကြောင်းအသုံးပြုပြီး လက်နက်ခဲယမ်းများအား ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့အခြေစိုက် ခမရ ၄၂၂ တပ်တွင်းသို့ ပို့ဆောင်နေပေးခဲ့သည်။

ဩဂုတ်လ ၇ ရက်၊ လွိုင်ကော်မြို့တွင် ကရင်နီပူးပေါင်းတပ်ဖွဲ့များနှင့် စစ်ကောင်စီတို့အကြားတိုက်ပွဲများ၊ စစ်ကောင်စီမှ လမ်းမကြီးဘေး၊ ရပ်ကွက်အတွင်းတွင် ကင်းပုန်းများချထားသည့်အတွက် လွိုင်ကော်-ဒီးမော့ဆိုလမ်းမကြီးအပြင် ဆက်စပ်သော လမ်းများအား သွားလာအသုံးပြုမှု မပြုလုပ်ကြရန် ကရင်နီအမျိုးသားများကာကွယ်ရေးတပ်မှ အသိပေးထုတ်ပြန်သည်။

ဩဂုတ်လ ၈ ရက်၊ နံနက် ၇ နာရီ ၅၀ အချိန် ဘောလခဲမြို့နယ် စစ်ကောင်စီ စကခ ၂ လာက်အောက်ခံတပ်ရင်း ခမရ ၅၀၅ ၏ ရေကျော်စခန်းတစ်ခုအား ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ တိုက်ပွဲအပြီး စစ်ကောင်စီ ရုပ်အလောင်း ၅ လောင်းနှင့် လက်နက်ခဲယမ်းများသိမ်းဆည်းရမိခဲ့သည်။

ဩဂုတ်လ ၁၂ ရက်၊ လွိုင်ကော်မြို့အတွင်း စစ်ကောင်စီတပ်များ၏ လက်နက်ကြီးများ ရမ်းသန်းပစ်ခတ်မှုများကြောင့် ပန်ကန်းဘုန်းကြီးကျောင်း ထိမှန်ပျက်စီးသွားခဲ့သည်။

ဩဂုတ်လ ၁၅ ရက်၊ ဖရူဆိုမြို့နယ် စစ်ဘေးရှောင်တစ်နေရာတွင် ကိုယ်ဝန်ဆောင်မိခင်တစ်ဦး ကလေးမွေးပြီး သွေးထွက်လွန်ကာ ဆေးရုံသို့အချိန်မီ မသွားရောက်ကုသနိုင်မှုကြောင့် ကလေးငယ် အသက်သေဆုံး သွားခဲ့ရသည်။

ဩဂုတ်လ ၂၀ ရက်၊ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ်မှ ကရင်နီပြည်နယ်အတွင်းသို့ လာသော ကုန်တင်ကားများအား PNO မှ ငါးရက်တစ်ကြိမ်သာ သွားလာခွင့်ပြုပြီး ကုန်သည်များ အခက်ကြုံနေကြရသည်။ ထိုတရက်တည်းတွင် ဘောလခဲမြို့နယ် စစ်ကော်စီရေကျော်စခန်းအနီးတွင် ပစ်သတ်ခံရသော လူငယ်အလောင်း နှစ်လောင်းတွေ့ရှိခဲ့သည်။ ထိုလူငယ်အလောင်းနှစ်လောင်းမှာ ဖရူဆိုမြို့နယ်မှ မော်ချီးဒေသသို့ သွားရောက်

အလုပ်လုပ်ပြီးပြန်လာသော ဖရူဆိုမြို့နယ် ဒေသခံလူငယ်နှစ်ဦးဖြစ်ပြီး စစ်ကောင်စီ၏ ပစ်သတ်ခြင်းကို ခံခဲ့ရသည်။

ဩဂုတ်လ ၂၇ ရက်၊ လွိုင်ကော်-ဒီးမော့ဆို ပြည်ထောင်စုလမ်းမကြီးဘေးရှိ စံပြ ၅ မိုင်၊ စံပြ ၆ မိုင် ကျေးရွာမှ နေအိမ်များ မီးရှို့ဖျက်စီးကာ အနည်းဆုံး နေအိမ် ၂၀ လုံး မီးလောင်ပျက်စီးသွားခဲ့သည်။

**ontact persons:**
Khu Ko Reh Tel: +66 65 329 7814

Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com